# အဆောက်အအုံပြုပြင်ထိန်းသိမ်းရေးစွည်းကရိယာများ ဖြန့်ဖြူးခြင်းဆိုင်ရာလမ်းညွှန်ချက်

## နောက်ခံသမိုင်းကြောင်း

ကချင်ပြည်နယ်နှင့် မြောက်ပိုင်းရှမ်းပြည်နယ် တန်းတလျားရှိ ယာယီလူနေဆောင် တည်ဆောက်ရေး လုပ်ငန်းခွင်၏ အလုပ်အဆင့်အတန်းအမျိုးမျိုးသို့ ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူတို့ ဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။ ရွှေ့ပြောင်းနေထိုင်မှု အစောပိုင်းကာလတွင် ပြင်ပအကူအညီ အကန့်အသတ်သာရရှိခဲ့ရာ၌ ရွှေ့ပြောင်းနေထိုင်ရသူများစွာသည် သမားရိုးကျ အခြေခံဒီဇိုင်းများ အသုံးပြု၍ ယင်းတို့ကိုယ်ပိုင် အရိပ်အာဝါသကို ဆောက်လုပ်ခဲ့ကြသည်။ ထိုသူများသည် ကာယလုပ်အားကိုသာ အများအားဖြင့်ပေးကြပြီး နည်းပညာပိုင်း ကျွမ်းကျင်သူအများစုကို စခန်းပြင်ပမှ မကြာခဏခေါ်ယူကာ ကန်ထရိုက်ပေးဆောင်ရွက်စေခြင်းဖြစ်သည်။ ပြည်တွင်း၌ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများ ပါဝင်လုပ်ကိုင်သည့် တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေးအပေါ် စိုးရိမ်ပူပန်မှုအချို့ ရှိခဲ့သော်လည်း၊ ထိုသို့ပါဝင်ဆောင်ရွက်ခြင်းက တန်ဖိုးထား ထိန်းသိမ်းမှုကို ပိုမိုတိုးတက်စေပြီး၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူ အသိုက်အဝန်း၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို ရရှိစေသည်။ ခိုင်မာတောင့်တင်းသော စခန်းစီမံခန့်ခွဲမှုကော်မတီ Camp Management Committees (CMCs) ရှိသည့် အချို့စခန်းများတွင် လူထုအခြေပြု စောင့်ရှောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အစီအစဥ်များကို အောင်မြင်စွာ မိတ်ဆက်ပေးနိုင်ခဲ့သည်။ လူထုအခြေပြုသည့် ယာယီအရိပ်အာဝါသများနှင့် အခြေခံအဆောက်အအုံ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းကို အထောက်အကူပြုရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ပြုပြင်ထိန်းသိမ်းရေးပစ္စည်းကရိယာများကိုဖြန့်ဝေပေးခြင်းဖြစ်သည်။

## ရည်ရွယ်ချက်များ

၁။ ယာယီလူနေဆောင်နှင့်နှင့် အခြေခံအဆောက်အအုံ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စပ်လျဥ်း၍၊ ရပ်ရွာလူထု၏ ကိုယ့်အားကိုယ်ကိုးမှုနှင့် လက်သမားပညာရပ် ကျွမ်းကျင်မှုများ တိုးတက်လာစေရေး ဆောင်ရွက်ပေးခြင်းတို့ဖြင့် စခန်းများတွင် ကိုယ်ပိုင်ရပ်တည်နိုင်ခွင့်များပိုမို ရရှိစေရန်နှင့် ထိုသို့ရရှိနိုင်ရေး အားပေးကူညီရန်၊

၂။ နေရပ်စွန့်ခွာရွှေ့ပြောင်းပြီးနောက်ပိုင်း ဘဝရပ်တည်ရေး ပြင်ဆင်ရာ၌ ဆောက်လုပ်ရေးပစ္စည်းကရိယာများနှင့် လက်သမားပညာဗဟုသုတများ ရရှိရန်၊

၃။ ယာယီခိုလှုံရာစခန်းအတွင်းနှင့် အပြင်တွင် လက်သမားပညာရပ်နှင့် တည်ဆောက်ရေးသုံး ် ကိရိယာများ အသုံးချခြင်းမှတဆင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို အထောက်အကူ ပြုရန်၊

ပြုပြင်ထိန်းသိမ်းရေးပစ္စည်းကရိယာများ **ဖြန့်ဝေခြင်းနှင့် ဒီဇိုင်းပိုင်းဆိုင်ရာ**

ပြုပြင်ထိန်းသိမ်းရေးပစ္စည်းကရိယာများ သေတ္တာကို ယာယီလူနေဆောင် တည်ဆောက်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် လူငါးဦးပါအုပ်စုတစ်စုအတွက် ဒီဇိုင်းပုံဖော်ဖန်တီးထားခြင်းဖြစ်ပြီး ထိုသေတ္တာတွင် WaSH ဆိုင်ရာ အထောက်အကူပစ္စည်းများလည်းပါရှိနိုင်သည်။ အိမ်ထောင်စု (၂၀) လျှင် ပစ္စည်းကိရိယာ အစုံအလင် ပါသည့်သေတ္တာ တစ်လုံးနှုန်းက အကောင်းဆုံးဖြစ်သည်ဟု

အကြံပြုထားသော်လည်း စခန်းတစ်ခု၏ အရွယ်အစားပေါ်မူတည်နိုင်ပါသည်။ အိမ်ထောင်စု (၃၀)မျှသာရှိသည့် စခန်းငယ်တစ်ခုသည် လက်နက်ကိရိယာ အစုံအလင်ပါသောသေတ္တာတစ်လုံးနှင့် လုံလောက်မှုရှိသင့်သည်။

ပစ္စည်းကိရိယာများကို သယ်ယူရလွယ်ကူစေရန်၊ (စက်မပါပဲ)သမာရိုးကျ အသုံးချနိုင်စေရန်၊ ကိုင်ရပြုရအဆင်ပြေစေရန်၊ လက်သမားပညာရပ် အနည်းငယ်မျှ အခြေခံရှိသောသူများပင် အလွယ်တကူ အသုံးပြုနိုင်စေရန် ဒီဇိုင်းပုံဖော်ထားခြင်းဖြစ်သည်။ ပစ္စည်းကိရိယာသေတ္တာများတွင် လက်သမားသုံးပစ္စည်း အစုံအလင်ပါရှိပြီး၊ ပြန်လည်အစားထိုး ဖြည့်တင်းရမည့်ပစ္စည်းများကိုတာဝန်ယူဖြည့်ဆည်းပေးရန်နှင့် စီမံခန့်ခွဲရန် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ သတ်မှတ်ထားသင့်ပြီရင်းသည် အဆောက်အဦးဆိုင်ရာ ကော်မတီတစ်ရပ် သို့မဟုတ် လက်သမားအဖွဲ့ဖြစ်သည်။ဖွဲ့၍ကို

## အဖွဲ့/ ကော်မတီသို့ အကြံပြုချက်များ

၁။ လက်သမားပညာ စိတ်ဝင်စားသူတိုင်း အထက်ပါ အဖွဲ့/ကော်မတီတွင် ပါဝင်ရန် အားပေးသင့်သည်။

၂။ အဖွဲ့/ကော်မတီသည် အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့်စခန်းတွင်းရှိပြုပြင်တည်ဆောက်မှုလုပ်ငန်းများတွင်ပါဝင်ရန် ကတိကဝတ်ပြုသင့်သည်။

၃။ အဖွဲ့/ကော်မတီသည် ပစ္စည်းကိရိယာသေတ္တာမှ ပျောက်ဆုံး၊ ပျက်စီးသွားသော သို့မဟုတ် အသုံးပြု၍ ကုန်ဆုံးသွားသောအရာများကို ပြန်လည်အစားထိုးဖြည့်တင်းရန် တာဝန်ရှိပေမည်။

၄။ အဆောက်အဦးဆိုင်ရာကော်မတီ၏ စီမံခန့်ခွဲမှုဖြင့်၊ အဖွဲ့/ကော်မတီသည် အဆောက်အအုံများ၏ အခြေအနေများကို ပုံမှန်စစ်ဆေး၍ ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည်များကို ဖြေရှင်းဆောင်ရွက်ပေးရပေမည်။